# ထီးကလေး မောင်မဲတူ

မောင်ဖြိုးသက်နိုင်

ကာတွန်းသရုပ်ဖော်–ကာကြီး

Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

**This publication series is supported by the KBZ Bank Literacy Grant.**



## တတိယအမြင်ပုံပြင်များစာစဉ်မှ ထွက်ရှိပြီးသောပုံပြင်များ



Everyone is Valuable | Swe Zin's Dance | Birds of a Feather | Tale of Two Pots | What Makes Us Beautiful



Frog and Snake | Phway Phway Won't Litter | Flying Cat | Pu Su's Adventures | Thiri Goes to School



Ei Si the Duckling | Pone Pone's Garden | Jar Ni Goes to School | For the Love of Trees | Working Together



The Bridge | Superhero | Pho Maung and Friends | Little Chicken Egg | Little Bear's Hobby



Singer from Flower City | Playtime for Mee Su | Taungzalat Tale | Happy Journey | Robot Footballer

ဆက်သွယ်ဝယ်ယူရန်: **thirdstorychildrenbooks@gmail.com**
**www.thirdstoryproject.com**

# ထီးကလေး မောင်မဲတူ



## မောင်ဖြိုးသက်ခိုင်

အငြိမ်းစားမဲ (၂၀၁၆–၂၀၁၇) ၊ ရွှေအရိပ်စာကြည့်တိုက်၊ တောင်ကြီးမြို့
ရေးသားသောဇာတ်လမ်းကို သရုပ်ဖော်ဆုံးထားတင်ပြခြင်း ဖြစ်ပါသည်။

## ကာတွန်းသရုပ်ဖော် – ကာကြီး

တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိဇ် (၀၁၇၉၃)
သဒ္ဒစတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ–၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။


မောင်မဲတူတို့နေထိုင်တဲ့ စတိုးဆိုင်ကြီးဟာ
သိပ်ကိုလှပတာပဲ။ ထီးကလေးတွေအရောင်စုံနဲ့
အခြားသော လှပပြီးအရောင်စုံတဲ့ ပစ္စည်းလေးတွေလည်း
ရှိကြတယ်လေ။ နာရီလေးတွေ၊ အဝတ်လှလှလေးတွေ၊
အိတ်လှလှလေးတွေနဲ့ စုံလို့ပါပဲ။




ထီးကလေးမောင်မဲတူဟာ  သိပ်ကိုကြွံခိုင်တာပဲတဲ့။
သူဟာ  မိုးကိုရော၊  နေကိုရော  ဘာမှကိုမကြောက်တဲ့
မောင်မဲတူလေးပေါ့။




ဒါပေမဲ့ မောင်မဲတူလေးရဲ့ အသားရောင်က
ခဲရောင်ကြီးဖြစ်နေတာမို့
အခြားသောပစ္စည်းလေးတွေက မခေါ်ချင်ကြဘူး။





မောင်မဲတူရဲ့အနားမှာရှိတဲ့ မမပုံတော်ဖိနပ်လေးကတော့
အကြံပေးရှာသတဲ့။
“မောင်မဲတူရေ ... နင်သာအရောင်စုံတဲ့
ထီးကလေးဖြစ်ရင် လူတွေက နင့်ကိုသဘောကျမှာပဲ
အရောင်ပြောင်းကြည့်ပါလား” လို့ ပြောသတဲ့။



မောင်မဲတူလေးဟာ ဘယ်လိုအရောင်ပြောင်းရမလဲဆိုတာ
မသိတာမို့ သူဟာ ဘာလို့ ခဲရောင်ထီးကလေး
ဖြစ်နေရတာလဲဆိုတာကို အမြဲတွေးပြီး
စိတ်ဓာတ်ကျနေတော့တာပေါ့။






တစ်ရက်မှာတော့
ကလေးမလေး တစ်ယောက်ဟာ
သူ့အမေနဲ့အတူ မိုးတွင်းမှာဆောင်းဖို့
မောင်မဲတူတို့ စတိုးဆိုင်ကြီးမှာ
ထီးလာဝယ်ကြတယ်။




ထင်ထားတဲ့အတိုင်းပါပဲ
ကလေးမလေးက ချစ်စရာသိပ်ကောင်းတဲ့
ပန်းရောင်ထီးလှလှလေးကိုပဲ ရွေးဝယ်သွားတယ်။
မောင်မဲတူရှိရာကို တစ်ချက်လေးတောင်
လှည့်မကြည့်သွားဘူးတဲ့။



မိုးတွေသိပ်ရွာတဲ့တစ်ရက်မှာတော့
မောင်မဲတူတို့ တစ်ဆိုင်လုံး သိပ်ကိုကြောက်နေကြတယ်။
မိုးသီးမိုးပေါက်ကြီးတွေရဲ့ အသံကြောင့်
တခြားသူတွေကြောက်နေကြပေမယ့်
မောင်မဲတူကတော့မကြောက်ဘူး။
မိုးသံကြားလေ သူပျော်လေပဲ။

မိုးစဲသွားတဲ့ အချိန်မှာတော့
ပန်းရောင်ထီးဝယ်သွားတဲ့ ကလေးမလေးနဲ့
သူ့အမေတို့ ပြန်ရောက်လာကြတယ်။
ထီးကလေးက မိုးရေထဲမှာတင် ကျိုးသွားတာမို့
ခိုင်ခံ့တဲ့ထီးလေးကိုပဲ ဝယ်တော့မယ်ဆိုပါလား။




ကြည့်ပါဦး။ မောင်မဲတူလေး ပျော်ရွှင်သွားပြီလေ။
သူ့ကိုလည်း အခြားထီးလေးတွေက
အားကျတဲ့အကြည့်နဲ့ ကြည့်ကြတယ်။
မောင်မဲတူဟာ အသားရောင်မလှပေမယ့်
သိပ်ကိုကြံ့ခိုင်တဲ့ ထီးကလေးမို့ပါပဲ။




# uav;wb/zqkfar;ceGsm;

မောင်မဲတူလေးကို
တခြားပစ္စည်းလေးတွေက
ဘာလို့မခေါ်ကြတာလဲ။




သားတို့သမီးတို့ရော
ကိုယ်နဲ့အသားရောင်မတူတဲ့
သူငယ်ချင်းကို
မခေါ်ဘဲနေကြမှာလား။





မောင်မဲတူလေးဟာ
ဘယ်နေရာမှာတော်လဲ။



အသားအရောင်နဲ့
ကိုယ်ပိုင်အရည်အချင်း
ဘယ်ဟာကပိုအရေးကြီးလဲ။
ဘာကြောင့်လဲ။

ကလေးများကို ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ အသားအရောင်၊
နေထိုင်ရာအရပ်ဒေသများကို အစွဲပြု၍ ခွဲခြားဆက်ဆံခြင်းမပြုရဘဲ
ညီမျှစွာ ဆက်ဆံရမည်။